
အဂ္ဂဇော်
ငြိုးမာန်ကလဲ့စား

ငြိုးမာန်ကလဲ့စား (စဆုံး)

(ငရဲခွေး၏ အဆက်)

အခန်း(၁)

ဖြူးမြို့သစ်တောဦးစီးဌာနရုံးတွင် ဖြစ်သည်။

"ဘာ ခွေး ဟုတ်လား ခင်ဗျား ကျွန်တော်တို့ကို စော်ကားတာလား" လက်ထောက်ဦးစီးမှူး၏ အသံက ရုံးခန်းအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပေပင်ကုန်းရွာမှ ဆယ်အိမ်ခေါင်း ကိုပေါက်နှင့် အဖော်နှစ်ဦးသည် ညှိုးငယ်သော မျက်နှာများဖြင့် ရပ်နေလေသည်။

"ခင်ဗျားတို့ ရွာမှာ ယောက်ျားတွေကုန်ပြီလား။ ဘယ့်နှယ်ဗျာ ဆင်တို့၊ ကျားတို့ဆို လူကြားကောင်းသေးတယ် ခွေးကို နှိမ်နင်းပေးရမယ်ဆိုပါလား . . ." လက်ထောက်ဦးစီးမှူးက ပြောရင်း ရေတစ်ခွက်ကို ကောက်သောက်လိုက်သည်။

"ဒီခွေးကလေ နှယ်နှယ်ရရခွေးမဟုတ်ဘူး နောက်ပြီး ကျွန်တော်တို့ရွာကိုလည်း ဒုက္ခပေးနေလို့ . . ." ဆယ်အိမ်ခေါင်း ကိုပေါက်က တုန်ယင်စွာဖြင့် ပြောလိုက်သည်။

"ဒီမှာ ခွေးတစ်ကောင်ဖမ်းရအောင် ကျုပ်တို့မအားဘူး၊ ဝါးရင်းတုတ်ရှာပြီး နှာနုကိုသာ နာနာဖြတ်ရိုက်လိုက်ပေါ့ဗျာ" လက်ထောက်ဦးစီးမှူးက ပြောလိုက်သည်။ ကိုပေါက်တို့လည်း အခြေအနေကို ရိပ်စားမိသည်။ သစ်တောဌာနက ကူညီပေးမည်မဟုတ်။ ထို့ကြောင့် သစ်တောဦးစီးမှူး ရုံး

ခန်းထဲမှ ပြန်ထွက်ခဲ့သည်။

"ဒီမှာ အစ်ကိုတို့နေပါဦး" နောက်ကွယ်မှ ခေါ်သံကြား၍ ကိုပေါက် လှည့်ကြည့်လိုက်သည်။ သစ်တောရုံးခန်းထဲမှ ဝန်ထမ်းတစ်ဦး ပြေးထွက်လာလေသည်။

"ကျွန်တော်က ဒီက အထက်တန်းစာရေးပါ အစ်ကိုတို့ပြောတာတွေကို ကျွန်တော် ကြားလိုက်တယ်" ကိုပေါက်က လှည့်ကြည့်လိုက်သည်။

"အစ်ကိုတို့ကို ရုံးကနေတော့ ကူညီလို့မရပေမဲ့ အစ်ကိုတို့ မုဆိုးတစ်ယောက် လိုချင်ရင်တော့ ကျွန်တော်တို့ သစ်တောဌာနနဲ့ ပူးပေါင်းပြီး လိုက်လေ့ရှိတဲ့ မုဆိုးတစ်ယောက်ရှိတယ်။ အစ်ကိုတို့လိုချင်ရင် ကျွန်တော် လိပ်စာပေးလိုက်မယ်" ကိုပေါက်က အဖော်ရွာသားနှစ်ယောက်ကို လှည့်ကြည့်လိုက်သည်။ ထို့နောက် ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်သည်။

"သူက ဘယ်သူလဲ ဘယ်ကလဲ ငါ့ညီ"

"ဖဒိုက မုဆိုးစောမောင်"

ကိုပေါက်က ရွာမှ အဖော်နှစ်ယောက် အနက်တစ်ယောက်ကို ပြန်လွှတ်လိုက်သည်။ ရွာကို အကျိုးအကြောင်း ပြန်ပြောရန်ဖြစ်သည်။ ထို့နောက် ဖဒိုကို ကားတစ်တန် ဆိုင်ကယ်တစ်တန်ဖြင့် သွားရန် ဆုံးဖြတ်လိုက်သည်။ သူ့ရင်ထဲတွင် မတင်မကျဖြစ်နေသည့် အပူလုံးကြီးရှိသည်။ ထိုအပူလုံးကြီးကို သူကိုယ်တိုင် ငြိမ်းသတ်နိုင်မှဖြစ်တော့မည်။

လွန်ခဲ့သော တစ်လခန့်။

ပေပင်ကုန်းရွာလေးသည် ငရဲခွေးကြီး၏ ခြောက်လှန့်မှုကို ခံနေကြရသည်။ ငရဲခွေးကြီးသည် ညဘက်များတွင် ပေါ်ပေါ်လာလေ့ရှိသည်။ ယခုလည်း အဖိတ်နေ့ည။ လက တစ်ခြမ်း မပြည့်တပြည့်လေးနှင့် သာနေသည်။

ည ၈နာရီခန့်ရှိပြီ။

"အူ ဝူ ဝူး ဝူး" ရွာစွန်မှ ခွေးအူသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ရွာသားများလည်း အကုန်လုံး အိမ်ထဲဝင်ပြေးသူပြေးကြသည်။ မီးတွေကို ထိန်နေအောင် ထွန်းကြသည်။ လျှပ်စစ်မီးမရှိသူများကလည်း ဓာတ်မီးများ၊ မီးတုတ်များနှင့် ဖယောင်းတိုင်များကို ထွန်းညှိထားကြသည်။ ရွာက ချက်ချင်းပင် တိတ်ဆိတ်သွားလေသည်။

ဆယ်အိမ်ခေါင်းကိုပေါက်တို့ အိမ်သည် ခြေတံရှည် အိမ်ကြီးဖြစ်သည်။ အိမ်အောက်တွင် နွားများကို ထည့်ထားသည်။ ဆိုလာမီးရောင်တွေ ထိန်နေအောင် ထွန်းထားသည်။ နွားများကို အိမ်အောက်ထည့်ပြီး အိမ်အောက်တွင်လည်း ဝါးကပ်များဖြင့် လုံအောင် ကာရံထားသည်။

"ငရဲခွေးကြီးလာနေပြီ ဘယ်သူမှ အသံမထွက်နဲ့နော်" ကိုပေါက်က အိမ်သားတွေကို မှာလိုက်သည်။ ထို့နောက် အိမ်ရှေ့ပြတင်းပေါက်ကို အသာလှပ်၍ လမ်းတစ်လျှောက်ကို ကြည့်နေသည်။ ကိုပေါက်တို့အိမ်သည် ရွာလယ်လမ်းနှင့် လမ်းဦးတိုက်ဖြစ်သည်။ အိမ်ရှေ့မှ ကြည့်သော ရွာလယ်လမ်းကြီးကို မျက်စိတစ်ဆုံး မြင်နေရသည်။ မကြာမီ ငရဲခွေးကြီးသည် မာန်ဖီလျက် ရွာလမ်းတစ်လျှောက် အေးဆေးစွာ လျှောက်လှမ်းလာလေသည်။ အစွယ်တွေက ဖွေးနေသည်။ မျက်လုံးကြီးတွေက မီးတောက်သလို နီရဲနေလေသည်။ အကောင်ကြီးကတော့ အရွယ်အစားကြီးလှသည်။ နွားပေါက်အရွယ်ခန့်ရှိသည်။

ကိုပေါက်က လှံတစ်ချောင်းကို ကိုင်ထားပြီး ဓားရှည်ကိုလည်း လွယ်ထားလေသည်။ ငရဲခွေးကြီးမှာ တဖြည်းဖြည်းနှင့် နီးကပ်လာလေသည်။ အချိန်ကိုက်ပင် ကိုပေါက်တို့ အိမ်အောက်ရှိ လသားအရွယ်နွားလေးသည် အော်ဟစ်လေတော့သည်။ နွားတွေလည်း အကုန် လှုပ်ရှားကုန်သည်။

တိတ်ဆိတ်နေသော ညလေးတွင် ကိုပေါက်တို့အိမ်တွင် နွားအော်သံတွေက ဆူညံနေလေသည်။ ထင်ထားသည့်အတိုင်းပင် ငရဲခွေးကြီးက ကိုပေါက်တို့ ခြံဝတွင် ရောက်နေပြီဖြစ်သည်။ ကိုပေါက်လည်း အိမ်ပေါ်ကနေ လှမ်းကြည့်နေသည်။ ငရဲခွေးကြီးက အလွန်လျင်မြန်စွာ ခြံတံခါးကို ခုန်ကျော်လိုက်လေသည်။ ခြံတံခါးမှာ ငါးပေကျော်ကျော် ဝါးလုံးများ၊ ဝါးကပ်များနှင့် ကာရံထားလေသည်။

ငရဲခွေးကြီးသည် ခုန်ကျော်ပြီးနောက် အိမ်အောက်နွားများဆီသို့ တစ်ဟုန်ထိုး ပြေးလာသည်။ အိမ်အောက်တွင် ကာထားသည့် ဝါးကပ်များကို အတင်းဝင်တိုက်သည့်အခါ ဝါးကပ်များ ကျိုးကြေကုန်ပြီး အပေါက်ကြီးဖြစ်သွားလေသည်။ ငရဲခွေးကြီးသည် နွားပေါက်လေးအပေါ် ခုန်အုပ်လိုက်လေသည်။ နွားတွေမှာလဲ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။ ကိုပေါက်လဲ ဘာမှမပြောတော့ပဲ လှံကို ကိုင်ဆွဲကာ အိမ်အောက်သို့ ဆင်းလိုက်လေသည်။ ငရဲခွေးကြီးက နွားပေါက်လေး ဂုတ်ကို ကိုက်ခဲထားသည်။ နွားပေါက်လေးက အတင်းရုန်းကန်နေသည်။ နွားမကြီးက ခွာများဖြင့် ပေါက်သည်။ ငရဲခွေးကြီးက နွားပေါက်လေးကို ကိုက်ချီပြီး ထွက်ပြေးရန် လုပ်သည်။ သူဝင်လာခဲ့သော ဝါးကပ်အပေါက်ကြီးမှ ပြေးပြီး ပြန်ထွက်လေသည်။

ကိုပေါက်ကလည်း အလွန်လျင်မြန်စွာဖြင့် လှံဖြင့် လှမ်းပစ်လိုက်သည်။ သို့သော် မထိဘဲ အိမ်တိုင်ကို သွားစိုက်လေသည်။ ငရဲခွေးကြီးက နွားပေါက်လေးကို ကိုက်ပြီး သူ့ရှေ့မှ ဖြတ်ပြေးလေသည်။ ကိုပေါက်ကလည်း မဆိုင်းမတွ ဓားကို ထုတ်ပြီး ငရဲခွေးကြီး၏ ဇက်ပိုးကို ခုတ်လိုက်လေသည်။

"ဘုတ် ဘုတ်"

"ဟာ"

သို့သော် အသားကို ခုတ်လိုက်သလို မဟုတ်ဘဲ သစ်တုံးကြီးကို ခုတ်လိုက်သလိုဖြစ်ကာ ဓားသည် ပြန်ခုန်ပြီး ကန်ထွက်လာလေသည်။ ငရဲခွေးကြီးသည် ကိုပေါက်ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်လိုက်သည်။ ထို့နောက် နွားပေါက်လေးကို တရွတ်တိုက်ဆွဲရင်းဖြင့် ခြံတံခါးကို ဝင်တိုက်လိုက်လေသည်။ ခြံတံခါးမှာလည်း ဝါးများကျိုးကြေသွားပြီး ဖွာလန်ထွက်သွားလေသည်။ ထို့နောက် ရွာလယ်လမ်းမှတစ်ဆင့် ရွာပြင်သို့ ပြေးသွားလေသည်။

မနက်ပိုင်းတွင် ကိုပေါက်အိမ်တွင်လူများစည်ကားနေသည်။ နွားလေးကို ဆွဲပုံတွေ၊ ငရဲခွေးကြီး၏ ခြေရာလက်ရာတွေကို လာကြည့်ကြသည်။ ကိုပေါက်ကတော့ သူ့နွားလေးပါသွားတာ မကျေနပ်။ ထိုနေ့တွင်ပင် သူကြီးအိမ်တွင် အစည်းအဝေးလုပ်လေသည်။ ရွာကို ခြံခတ်မည့်အကြောင်း ပြောခြင်းဖြစ်သည်။ ရွာသားများကလည်း ထောက်ခံကြသည်။ သို့နှင့်ရွာကလေးကို ပတ်ပတ်လည် ကျားလန်ဟုခေါ်သော ဝါးဖြင့်ပြုလုပ်ပြီး ဝါးချွန်များကာထားသည့် ခြံစည်းရိုးကြီးကို အားလုံး စုပေါင်းအားဖြင့် ကာကြတော့သည်။

***

အခန်း(၂)

ခြံစည်းရိုးကာပြီးသော် ငရဲခွေးကြီး သိပ်ပေါ်မလာတော့ပေ။ ရွာသားများမှာလည်း နေ့ခင်းဘက်တွင်သာ အလုပ်လုပ်ရဲကြလေသည်။ တစ်ပတ်ခန့်အကြာတွင်

"လုပ်ကြပါဦး ဒေါ်ပုဆိတ်တွေ ငရဲခွေးကြီးဆွဲနေပြီ" ရွာသားတစ်ယောက်က ရွာထဲပြေးဝင်လာသည်။ အချိန်မှာ ညနေစောင်း ၄ နာရီခန့်ဖြစ်သည်။ ကိုပေါက်လည်း ရွာသားများကို ဦးဆောင်ကာ ဓားလှံများကိုင်ဆောင်ပြီး ရွာပြင်သို့ ထွက်ခဲ့ကြသည်။ ဆိတ်များမှာ ကြောက်အားလန့်အားဖြင့် ထွက်ပြေးကာ တောင်တစ်ကောင် မြောက်တစ်ကောင် ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ ဒေါ်ပု"

"ကျွန်တော်လည်း ဆိတ်တွေကို တစ်နေကုန်ကျောင်းပြီး အပြန်၊ တောစပ်ကနေ ငရဲခွေးကြီး ထွက်လာတာပဲ။ ကျွန်တော်လည်း အဲဒါနဲ့ ငရဲခွေးကြီးကို ကြောက်လို့ ရွာထဲ ခြေကုန်သုတ်ပြေးခဲ့တာပဲ၊ နောက်ကို ပြန်လှည့်ကြည့်တော့ ဆိတ်အုပ်ကလည်း ပြေးနေတယ်၊ ငရဲခွေးကြီးကလည်း ဆိတ်တစ်ကောင်ကို ခဲထားတာတွေ့တာပဲ" ဒေါ်ပု၏တူ ဆိတ်ကျောင်းသားလေးက ပြောသည်။

"ကုန်ပါပြီဟယ် ငါ့ဆိတ်မကြီး အဲ့ဆိတ်မကြီးက သားအကျဆုံး ဆိတ်မကြီးတော့" ဒေါ်ပုက အော်ဟစ်ငိုကြွေးနေသည်။

ထိုနောက်ပိုင်းတွင် ရွာသားများနေ့ခင်းဘက်ပါ ရွာပြင်သိပ်မထွက်ရဲကြ။

ထွက်ခဲ့လျှင်လည်း အဖော်အပေါင်းများနှင့် လူအင်အားတောင့်တောင့်ဖြင့် ထွက်ကြသည်။ အထူး ဒုက္ခရောက်သူများကတော့ တိရစ္ဆာန်မွေးသူများ ဖြစ်သည်။ နွားစာ၊ ဆိတ်စာများမှာ အရင်က ရွာပြင်တွင် ထွက်ကျောင်း၍ ရသော်လည်း ယခုတော့ ထွက်ကျောင်း၍ မရတော့၊ နွားစာ ဆိတ်စာများကို လူများက သွားပြီး ရိတ်ရတော့သည်။

ထိုနေ့က ကိုပေါက် သားဖြစ်သူ မြင့်ထွေးကို ခေါ်ပြီး နွားစာရိတ်ထွက်လာသည်။ မြင့်ထွေးမှာ အသက် ၁၃ နှစ်ခန့်ရှိပြီဖြစ်သည်။ ကိုပေါက်၏ တစ်ဦးတည်းသောသားဖြစ်သည်။ သူ့အပေါ်တွင် အစ်မနှစ်ယောက်ရှိသည်။ တစ်ယောက်က အိမ်ထောင်ကျပြီး အိမ်ကွဲသွားပြီဖြစ်သည်။ ကိုပေါက်တို့သားအဖနှစ်ယောက်ထဲတော့ မဟုတ် ဒေါ်ပုနှင့် အခြားရွာမှ နွားမွေးသူများ စုပေါင်းကာ တောစပ်တွင် မြက်ရိတ်ရန်ထွက်ခဲ့သည်။

ကိုပေါက်က မြက်တွေကို တံစဉ်တစ်ချောင်းဖြင့် ရိတ်နေသည်။ မြက်ရိတ်ရင်း မျက်စိရှင်ရှင်ထားရသည်။ ငရဲခွေးကြီးကိုလည်း လိုက်ကြည့်ရသေးသည်။ မြင့်ထွေးကတော့ မြက်ရိတ်ရင်း တောစပ်နား တဖြည်းဖြည်း ရောက်သွားသည်။ ကိုပေါက်ကလည်း စိတ်ပူလာသဖြင့် သားဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ကိုပေါက် မျက်လုံးပြူးသွားသည်။ အကြောင်းမှာ သူ့သားဖြစ်သူ၏ နောက်ဘက်ချုံပုတ်အတွင်းမှ မျက်လုံးနီကြီးတစ်စုံကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"သား . . . ပြေး . .  လာပြန်လာခဲ့" ကိုပေါက်က ကယောင်ကတမ်းဖြင့် အော်ဟစ်လိုက်သည်။ မြင့်ထွေးက ကိုပေါက်အော်သံကြားသဖြင့် ကိုပေါက်ကို လှည့်ကြည့်လိုက်သည်။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းသည်။ ထိုစဉ် မြင့်ထွေးကို အနောက်မှ ငရဲခွေးကြီးက ခုန်အုပ်လိုက်သည်။

"အား . .. အဖေ" မြင့်ထွေးက ထိုသို့အော်လိုက်သည်။ ငရဲခွေးကြီးက မြင့်

ထွေး၏ လည်ပင်းကို အနောက်မှနေ၍ ခဲလိုက်သည်။ သွေးတွေက ပန်း ထွက်လာသည်။ ငရဲခွေးကြီးက ကိုပေါက်ကို မျက်လုံးနီကြီးဖြင့် စိုက်ကြည့် လိုက်သည်။ ထို့နောက် မြင့်ထွေးကို တောအုပ်ထဲသို့ ဆွဲသွင်းသွား တော့သည်။

"သား . . . ." ကိုပေါက်က အော်လိုက်သည်။ ထို့နောက် ကျောတွင် လွယ် ထားသောဓားကို ဖြုတ်လိုက်ပြီး တောအုပ်ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွား သည်။ သစ်ပင်များ မြေကြီးများပေါ်တွင် သွေးများက ရဲရဲနီလျက် ပေကျံနေ လေသည်။ ကိုပေါက်လည်း သွေးကွက်များအတိုင်း ခြေရာခံပြီး ပြေးလိုက် သွားသည်။ သို့သော် တောနက်လာသည်နှင့် သွေးကွက်များကို မတွေ့ရ တော့ပေ။

ရွာသားများက လူစုကာ တောထဲသို့ လိုက်လာကြသည်။ တောနက်တစ် နေရာတွင် ကိုပေါက်သည် တောင်ပို့တစ်ခုပေါ်တွင် ထိုင်နေသည်။ လက်ထဲ မှ ဓားကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။ မျက်လုံးမှ လည်း မျက်ရည်များကျနေလေသည်။ ကိုပေါက်သည် ဆုံးဖြတ်ချက် တစ်ခု ကို ခိုင်မာစွာ ချလိုက်လေသည်။ ထိုဆုံးဖြတ်ချက်မှာ ငရဲခွေးကို ပြန်ပြီး လက်တုံ့ပြန်ရန်ဖြစ်သည်။

***